**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ**

**၂၀၁၇ ခုနှစ်၊ (၆) လပတ် အစည်းအဝေး**

**"ထုတ်ပြန်ကြေညာချက်"**

**၂၀၁၇ ခုနှစ်၊ ဂျူလိုင် (၁၄) ရက်**

အတိုင်ပင်ခံများ၊ ထိပ်ပိုင်းခေါင်းဆောင်များ၊ နိုင်ငံရေး၊ စစ်ဖက်ဆိုင်ရာအရာရှိများ၊ ဒေသအုပ်ချုပ်ရေး တပ်မှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော်(RCSS/SSA)၏ ၂၀၁၇ခုနှစ်၊ ခြောက်လပတ် အစည်းအဝေးအား ဂျူလိုင်လ (၁၀)ရက်နေ့မှ (၁၄)ရက်နေ့အထိ ဗဟိုဌာနချုပ်လွယ်တိုင်းလျန်းတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင်လွန်ခဲ့သည့် (၆) လတာကာလအတွင်း ဌာနအသီးသီးမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား ပြန်လည် သုံးသပ် ဆွေးနွေးခြင်းနှင့် ရှေ့ (၆) လတာအတွက်လုပ်ငန်းစဉ်များ ချမှတ်ခြင်း ပြုလုပ်ခဲ့ပါသည်။

၁။ အစည်းအဝေးတွင် မိမိတို့ RCSS/SSA၏ နိုင်ငံရေး၊ အမျိုးသားညီညွတ်ရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့်အခြား လုပ်ငန်းကိစ္စရပ်များအား သုံးသပ်ဆွေးနွေးခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များ စုပေါင်းချမှတ်ခဲ့ပါသည်။ ထို့အပြင် သျှမ်းပြည်တွင်းရှိ အစိုးရနှင့် အပစ်ရပ်ထားသောတိုင်းရင်းသား တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်ရပ်ခြင်းမရှိသေးသောအဖွဲ့အစည်းများနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးခဲ့ပြီး ငြိမ်းချမ်းရေးအားရေးရှုကာ သျှမ်းပြည်တွင်းစည်းလုံးညီညွတ်မှုရရှိရေးအတွက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၂။ (၆) နှစ်တာ သက်တမ်းရှိသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ဒုတိယအစည်းအဝေးတို့၏ အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ အားသာချက်နှင့် အားနည်းချက်များကိုလည်း ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ပါသည်။

၃။ ထိုင်းအစိုးရ၏ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ ဥပဒေသစ်ကြောင့် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသည့် ထိုင်းနိုင်ငံရောက် တိုင်းရင်းသား ရွှေ့ပြောင်းအလုပ်သမားများအတွက် တတ်နိုင်သမျှအကူအညီပေးနိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၄။ သိမ်းဆည်းခံရသည့် ပြည်သူလူထု၏ မြေယာများ ပြဿနာ ဖြေရှင်းရေးအတွက် အဖက်ဖက်နှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားမည်။

၅။ သျှမ်းအမျိုးသားအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး လူမျိုးအလိုက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (သျှမ်းလူမျိုး) အား မကြာမီ ကျင်းပနိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်သွားမည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ